# မြန်မာ့စစ်အာဏာသိမ်းမှုအပေါ် တရုတ်၏ရပ်တည်ချက်
## အကျိုးစီးပွားဝိရောဓိများနှင့် မူဝါဒလားရာများ



ခင်ခင်ကျော်ကြီး၊ နန်းလွင်နှင့်
သန့်အောင်ပိုင်တို့ ရေးသားသည်။

**သုံးသပ်မည့် အစီရင်ခံစာများနှင့် ဆောင်းပါးများ**

Tower, J., & Clapp, P. A. (2012, June 8). *Myanmar: China, the Coup and the Future*. United States Institute of Peace. https://www.usip.org/publications/2021/06/myanmar-china-coup-and-future

The Economist. (2021, July 9). *China is not happy about Myanmar's coup*. https://www.economist.com/asia/2021/07/10/china-is-not-happy-about-myanmars-coup

White, E. (2021, June 23). *China bolsters ties with Myanmar junta despite international condemnation*. Financial Times. https://www.ft.com/content/ca43da4c-4287-4de6-ad8a-57a2a32fe7f3

Wong, Brian, Y.S. (2021, February). *Why China Favors Democracy over Dictatorship in Myanmar*. Foreign Policy. https://foreignpolicy.com/2021/02/26/china-myanmar-coup-democracy/

## နိဒါန်း

၂၀၂၁ ခုနှစ် ဩဂုတ်နှောင်းပိုင်းမှာ တရုတ်ရဲ့ အာရှရေးရာ အထူးသံတမန် မစ္စတာဆွန်းကော်ရှန်ဟာ မြန်မာနိုင်ငံကို တပတ်ကြာလာရောက်ခဲ့ပြီး စစ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့တယ်လို့ တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီမတိုင်ခင် ဩဂုတ်လဆန်းက ရန်ကုန်မှာရှိတဲ့ တရုတ်သံရုံးရဲ့ တရားဝင် လူမှုကွန်ရက် စာမျက်နှာမှာ စစ်ကောင်စီရဲ့ အုပ်ချုပ်ရေးကို 'မြန်မာအစိုးရ'လို့ ရည်ညွှန်းခေါ်ဆိုခဲ့ပြီး ဒါဟာ အာဏာသိမ်း စစ်ကောင်စီက အိမ်စောင့်အစိုးရအဖြစ် ဖွဲ့စည်းပြီး တပတ် အကြာမှာ သုံးစွဲခဲ့တာဖြစ်ပါတယ်။ တကယ်တော့ ဒီမတိုင်ခင်မှာလည်း တရုတ်နိုင်ငံအနေနဲ့ စစ်ကောင်စီဥက္ကဋ္ဌကို မြန်မာနိုင်ငံရဲ့ခေါင်းဆောင်ဆိုပြီး သုံးစွဲတာ၊ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးကို ပြည်ထောင်စုဝန်ကြီးလို့ ခေါ်ပြီး တရုတ်နိုင်ငံက ဦးဆောင်ကျင်းပတဲ့ အာဆီယံနဲ့ မဲခေါင်အစည်းအဝေးတွေမှာ မြန်မာနိုင်ငံကိုယ်စားပြု တက်စေတာတွေရှိခဲ့ပါတယ်။ စစ်အာဏာ သိမ်းပြီးချိန်ကစပြီး တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအပြောင်းအလဲတွေဟာ ပြည်တွင်းရေးသာဖြစ်တယ်လို့ ပြောဆိုပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အာဏာသိမ်းစစ်တပ်ကို ပြင်းထန်တဲ့ အရေးယူတုံ့ပြန်မှုတွေ မရှိစေရေး အကြိမ်ကြိမ် ကာကွယ်ပေးခဲ့ပါတယ်။ ပြည်တွင်းရေးရာအပြောင်းအလဲတွေကြောင့် တရုတ်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် ချစ်ကြည်တဲ့မူဝါဒကို ထိခိုက်မှာမဟုတ်ဘူး၊ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ ကိုက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း ရွေးချယ်ရာမှာ တရုတ်က ကူညီပံ့ပိုးသွားမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒီလို ပြောဆိုမှုတွေကြောင့် အာဏာသိမ်းစစ်တပ်ကို အစိုးရအဖြစ် တရုတ်နိုင်ငံက တရားဝင် အသိအမှတ်ပြုကြောင်း ဖော်ပြခြင်းလားဆိုတာ ယူဆစရာ ဖြစ်လာပါတယ်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးအကျပ်အတည်းမှာ တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍ၊ မူဝါဒတွေ၊ ရပ်တည်ချက်တွေနဲ့ပတ်သက်ပြီး ဩဇာရှိတဲ့ နိုင်ငံတကာသုတေသနအဖွဲ့အစည်းတွေ၊ သတင်းဌာနတွေက လေ့လာသုံးသပ်ဖော်ပြတဲ့ ဝေဖန်သုံးသပ်ချက်တွေ၊ သတင်းဆောင်းပါးတွေ များစွာ ထွက်ပေါ်ခဲ့ပါတယ်။

ဩဇာကြီးမားတဲ့ The Economist မဂ္ဂဇင်းက မြန်မာနိုင်ငံမှာ မဟာဗျူဟာကျစီးပွားရေးစီမံကိန်းတွေကို အဓိကလုပ်ဆောင်လိုတဲ့ တရုတ်ဟာ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာတဲ့ မတည်ငြိမ်မှုတွေကို မြင်တွေ့လိုခြင်းမရှိဘူး၊ ဒါပေမဲ့ ပြန်လည်တည်ငြိမ်ရေးကို လုပ်ဆောင်မယ်ဆိုတဲ့ စစ်ကောင်စီရဲ့ကတိကို ယုံကြည်ကိုးစားနေတယ်၊ ပြည်သူလူထုဘက်(သို့မဟုတ်) ပြည်သူလူထုထောက်ခံသော အစိုးရဘက်မှာ

**INFOGUIDE**

## ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်-မြန်မာဆက်ဆံရေး၏ အရေးပါသော ရက်စွဲငါးခု

| | | |
|---|---|---|
| ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇-၁၈ | ၁ | တရုတ်သမ္မတရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့။ |
| ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ | ၂ | တရုတ်-မြန်မာ စီမံကိန်းများ အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာများ၊ အပြန်အလှန်သဘောတူညီမှုစာချုပ်များ ပါဝင်သည့် သဘောတူညီချက် ၃၃ ခု လက်မှတ်ထိုး။ |
| ၂၀၂၀ ပြည့်နှစ် မေ ၂၀ | ၃ | တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတဦးဝင်းမြင့်တို့ တယ်လီဖုန်းဖြင့်ဆွေးနွေး။ |
| ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ | ၄ | တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုကော်မတီ နိုင်ငံခြားရေးရာရုံး ညွှန်ကြားရေးမှူး ယန်ကျဲ့ချီ လာရောက်။ |
| ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ | ၅ | တရုတ်သမ္မတ ရှီကျင့်ဖျင် တရုတ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲ အောင်မြင်မှုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့။ |

INFOGUIDE

## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏တုံ့ပြန်မှု ရက်စွဲမှတ်တမ်းအကျဉ်း

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်ကြေညာချက်တွင် တပ်မတော်ကို ရှုတ်ချရန်ဆွေးနွေးရာ တရုတ်နိုင်ငံက ကန့်ကွက်ခဲ့။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၃**
မြန်မာ့စစ်အာဏာသိမ်းမှုတွင် တရုတ်အနေဖြင့် ကျောထောက်နောက်ခံပြု အားပေးခဲ့ခြင်းမရှိကြောင်း ပြောဆို။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂**
ကုသသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်တွင် (မြန်မာ့အရေးသည် ပြည်တွင်းရေးသာဖြစ်သောကြောင့်) ၎င်းတို့၏ဆန္ဒ မပါဝင်ကြောင်း တရုတ်ပြောကြား။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉**
မြန်မာ့အရေး အာဆီယံ၏ ကြားဝင်စေ့စပ်ညှိနှိုင်းခြင်းကို တရုတ်ထောက်ခံ။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃**
ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း လုံခြုံရေးအတွက် တရုတ်-မြန်မာ အရေးပေါ်အစည်းအဝေးပြုလုပ်။

**၂၀၂၁ ခုနှစ် မတ် ၇**
မြန်မာ့အရေး တရုတ်နိုင်ငံ၏ အဆိုပြုချက်သုံးချက် တင်ပြ။

**၂၀၂၁ ခုနှစ် မတ် ၁၀**
ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက်ကို တရုတ်သဘောတူ။

**၂၀၂၁ ခုနှစ် မတ် ၁၄**
တရုတ်ရင်းနှီးမြှုပ်နှံမှုပါဝင်သော စက်ရုံပေါင်း ၃၂ ရုံ ဖျက်ဆီးခံရ။ တရုတ်လုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး အာမခံချက်ရှိစေရန် ပြင်းပြင်းထန်ထန်တောင်းဆို။

**၂၀၂၁ ခုနှစ် ဇွန် ၅**
မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ချန်းဟိုင်နှင့် စစ်ကောင်စီဥက္ကဋ္ဌတို့ ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံ။

**၂၀၂၁ ခုနှစ် ဇွန် ၈**
စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့ သီးခြားဆွေးနွေးပွဲ ပြုလုပ်။

**၂၀၂၁ ခုနှစ် ဩဂုတ် ၄**
ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုအီရီ ဝမ်ယူဆော့ဖ်အား အာဆီယံ အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းကို တရုတ်နိုင်ငံက ထောက်ခံ။

**၂၀၂၁ ခုနှစ် ဩဂုတ် ၄-၆**
တရုတ်နိုင်ငံပိုင်နက်တွင်းသို့ မြန်မာဘက်မှ လက်နက်ကြီးကျည်နှင့် ကျည်ဆန်များ ကျရောက်။

**၂၀၂၁ ခုနှစ် ဩဂုတ် ၇**
လက်နက်ကြီးကျည်နှင့် ကျည်ဆန်များကျရောက်သည့်အတွက် တရုတ်ဘက်မှ စစ်ကောင်စီကို သတိပေးစာပို့။

**၂၀၂၁ ခုနှစ် ဩဂုတ် ၈**
စစ်ကောင်စီအား အစိုးရဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပထမဆုံးအနေဖြင့် သုံးနှုန်း။

**၂၀၂၁ ခုနှစ် ဩဂုတ် ၁၀**
လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း စစ်ကောင်စီသို့ပေး။

**၂၀၂၁ ခုနှစ် ဩဂုတ် ၁၈**
အာဆီယံအထူးကိုယ်စားလှယ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ အချက်လေးချက် ပြောဆို။

**၂၀၂၁ ခုနှစ် ဩဂုတ် ၂၆**
တရုတ်(ယူနန်)-မြန်မာ(ရန်ကုန်)-အိန္ဒိယသမုဒ္ဒရာ ကွန်တိန်နာ ပင်လယ်ရေကြောင်း-ကားလမ်း-ရထားလမ်း ပူးတွဲပို့ဆောင်မှုလမ်းကြောင်းသစ်ကို စတင်ဖွင့်လှစ်။

**၂၀၂၁ ခုနှစ် ဩဂုတ် ၂၁-၂၈**
တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အာရှရေးဆိုင်ရာအထူးသံတမန် ဆွန်းကော်ရှန် မြန်မာနိုင်ငံသို့ တပတ်ကြာလာရောက်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။

ရပ်တည်သွားမယ့် အလားအလာလည်း နည်းပါးနေတယ်၊ မြန်မာပြည်သူအများစုက တရားဝင်အစိုးရအဖြစ် သတ်မှတ်ထားတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ဆက်ဆံရေး ကျဲတောက်နေပေမဲ့ စစ်ကောင်စီကိုတော့ တရားဝင်အသိမှတ်ပြုတဲ့ ခြေလှမ်းတွေလှမ်းနေတယ်လို့ သုံးသပ်ခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန် ငြိမ်းချမ်းရေး အင်စတီကျု (USIP) ရဲ့ ဆန်းစစ်ချက်ဆောင်းပါးမှာလည်း မြန်မာနိုင်ငံမှာ တရုတ်ရဲ့ အဓိကအကျိုးစီးပွားတွေကို အာဏာသိမ်းစစ်ကောင်စီကသာ ကာကွယ်ပေးနိုင်မယ်လို့ တရုတ်က ယုံကြည်ထားတယ်။ တရုတ်ရဲ့ ပြည်တွင်းမစွက်ဖက်ရေး မူဝါဒဟာ သေနတ်ရှိတဲ့သူကိုသာ အသိမှတ်ပြုတဲ့ မူဝါဒဖြစ်တယ်။ မြန်မာနိုင်ငံကို အနောက်တိုင်းတန်ဖိုးများနဲ့ သြဇာလွှမ်းမိုးမှုများမှ ထိန်းသိမ်းဖို့ စစ်မြေပြင်တခုအဖြစ် ရှုမြင်တယ်လို့ ဆိုပါတယ်။ သြဇာကြီးမားတဲ့ ကမ္ဘာ့စီးပွားရေးသတင်းစာ Financial Times ကတော့ ပြည်တွင်းမှာ နိုင်ငံရေးအကျပ်အတည်းတွေဖြစ်နေပေမဲ့ တရုတ်နဲ့ မြန်မာအကြား သံခင်းတမန်ခင်းဆက်ဆံရေးနဲ့ ကုန်သွယ်ရေးအခြေအနေတွေမှာ ပုံမှန်အနေအထားထက်ပိုတဲ့ အခြေအနေတွေကို တွေ့ရပြီး စစ်ကောင်စီနဲ့ ဆက်ဆံရေး ခိုင်မာအောင် လုပ်ဆောင်နေတယ်လို့ ဆိုထားပါတယ်။

တရုတ်နိုင်ငံဟာစစ်ကောင်စီကိုကာကွယ်ပြီးဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေသလဲ။ စစ်အာဏာသိမ်းမှုကို တုံ့ပြန်ရာမှာ တရုတ်ရဲ့ အခြေခံစဉ်းစားချက်တွေက ဘာတွေလဲ၊ တရုတ်ရဲ့မူဝါဒတွေကို ဘယ်လို လွှမ်းမိုးနိုင်မလဲဆိုတဲ့အပေါ် နိုင်ငံတကာလေ့လာသူတွေ၊ ကျွမ်းကျင်သူတွေရဲ့သုံးသပ်ချက်၊ ကောက်ချက်ချမှုတွေကို ဒီဆန်းစစ်ချက်မှာ မိတ်ဆက်ဆွေးနွေးပါမယ်။

## အဓိကဆွေးနွေးချက်များနှင့် အထောက်အထားများ

မြန်မာ့စစ်အာဏာသိမ်းမှုအပေါ် တရုတ်ရဲ့တုံ့ပြန်မှုနဲ့ပတ်သက်ပြီး ဆောင်းပါးတွေမှာ အဓိကဆွေးနွေးထားတဲ့ အချက်လေးခုရှိပါတယ်။ ပထမဆုံးအချက်က မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖြစ်ထွန်းမှာကို တရုတ်က မလိုလားဘူး။ စစ်အာဏာရှင်စနစ်ကို ပြန်လည်ရှင်သန်စေချင်တယ်။ စစ်အာဏာသိမ်းမှုကို ထောက်ခံအားပေးနေတယ်ဆိုတဲ့အမြင်တွေ (မြန်မာပြည်သူတွေကြားမှာ) ကျယ်ကျယ်ပြန့်ပြန့် ရှိနေခဲ့တယ်။

ဒါပေမဲ့ စစ်အာဏာသိမ်းမှုဟာ တရုတ်ရဲ့အကျိုးစီးပွားကို ထိခိုက်စေတာကြောင့် တရုတ်ကမလိုလားဘူးလို့တရုတ်နိုင်ငံနဲ့ပတ်သက်ပြီးတစိုက်မတ်မတ်လေ့လာနေတဲ့ နိုင်ငံတကာ သုတေသနအဖွဲ့တွေ၊ မီဒီယာတွေက ဆိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်တဲ့ ရွေးကောက်ခံအစိုးရနဲ့ တရုတ်နိုင်ငံအကြား ကောင်းမွန်တဲ့ဆက်ဆံရေး ရှိနေခဲ့တာအပြင် စစ်တပ်ဟာ ခန့်မှန်းရခက်တာကြောင့် စစ်အာဏာသိမ်းမှုကို နှစ်ခြိုက်လိုလားခြင်း မရှိပါဘူး (The Economist, 2021)။

အထူးသဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဦးဆောင်တဲ့ အစိုးရလက်ထက်မှာ အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးပြေလည်အောင် အားထုတ်ခဲ့တယ်။ ဒါ့အပြင် တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးတခုဖြစ်တဲ့ ဧရာဝတီမြစ်ဆုံဆည်

စီမံကိန်းကို တဖက်သတ် ရပ်နားခဲ့တယ်။ စစ်တပ်ဟာ စစ်လက်နက်ပစ္စည်းတွေ တင်သွင်းရာမှာ တရုတ်အပေါ်မှီခိုမှု လျှော့ဖို့အတွက် ရုရှားနဲ့ချိတ်ဆက်ပြီး တင်ပို့မှု မြှင့်တင်ခဲ့တယ် စတဲ့အချက်တွေကြောင့် မြန်မာစစ်တပ်ကို တရုတ်က ယုံကြည်မှု အားနည်းပါတယ် (Wong, 2021)။ နောက်တချက်ကတော့ ကိုဗစ်-၁၉ ကပ်ဘေး ကြောင့် ထိခိုက်သွားတဲ့ စီးပွားရေးတွေကို ပြန်လည်ကုစားဖို့ လိုအပ်တာအပြင် ရိုဟင်ဂျာအရေးမှာ အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့အရေးယူမှုတွေ ရှိတာကြောင့် ရွေးကောက်ခံအစိုးရဟာ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကိုပဲ ပိုမိုအားကိုးရမယ့် အနေအထား ဖြစ်ပါတယ် (The Economist, 2021)။ ဒါကိုလည်း တရုတ်က တွက်ဆထားပုံပါပဲ။

ဒီအချက်အလက်တွေကို သုံးသပ်ကြည့်ရင်ပဲ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ရှင်သန်မှုကို မလိုလားတာကြောင့် စစ်အာဏာသိမ်းမှုကို တရုတ်က မီးစိမ်းပြအားပေးထောက်ခံခဲ့တယ်ဆိုတာ ဖြစ်တန်ခြေမရှိဘူးလို့ ဆိုကြပါတယ်။ ဒါဆိုရင် တရုတ်နိုင်ငံအနေနဲ့ ဘာကြောင့် စစ်အာဏာရှင်ကို အသိအမှတ်ပြုအားပေးပြီး နိုင်ငံတကာ ဖိအားတွေကနေ ကာကွယ်ပေးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နေသလဲဆိုတာ မေးစရာရှိလာပါတယ်။ ဒီမေးခွန်းကို ဆောင်းပါးတွေထဲမှာ ဘယ်လိုဖြေဆိုထားသလဲဆိုတာ နောက်ပိုင်းမှာ ဆက်လက်ဆွေးနွေးပါမယ်။

INFOGUIDE

## ■ အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီနှင့် မတ်လအတွင်း မြန်မာနိုင်ငံအပေါ် တရုတ်၏သဘောထားများ

**စစ်ကောင်စီ အာဏာသိမ်းပြီးနောက် တရုတ်၏သဘောထား**
ဖေဖော်ဝါရီ၊ ၂၀၂၁

- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့်ကိစ္စရပ်များအပေါ် သတိပြုမိကြောင်းနှင့် အခြေအနေအား ပိုမိုသိရှိ နားလည်နိုင်ရန် ဆက်လက်၍ ဆောင်ရွက်သွားမည်ဟု ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြား။ ထို့နောက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်း နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဘက်အသီးသီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်အတွင်း၌ သဘောထား ကွဲလွဲမှုများကို ကောင်းမွန်စွာဖြေရှင်း၍ နိုင်ငံရေးနှင့် လူမှုရေး တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန်မျှော်လင့်ဟုဆိုခဲ့။
- ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ ရှောင်ရှားရန်ကို အလေးထားပြောကြားခဲ့ပြီး ကုလသမဂ္ဂ အထူးသံတမန်၏ ဆောင်ရွက်မှုများကို ထောက်ခံကြောင်း ပြောဆိုခဲ့။

**တရုတ်နိုင်ငံခြားရေး ဝန်ကြီး၏ အဆိုပြုချက်သုံးရပ်**
မတ် ၇၊ ၂၀၂၁

၁။ သွေးထွက်သံယိုမှု နောက်ထပ်မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်နှင့် အခြေအနေတင်းမာမှု အမြန်ဆုံး ဖြေလျှော့ပေးရန်။

၂။ အာဆီယံနည်းလမ်းဖြင့်ဘုံသဘောတူညီချက်ရရှိအောင် ကြားဝင်စေ့စပ်ဖျန်ဖြေသည်ကို တရုတ်က ထောက်ခံ။ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ဆန္ဒကို လေးစားသည့် အခြေခံပေါ်တွင် ဘက်အသီးသီးနှင့် ထိတွေ့ဆက်ဆံပြီး အခြေအနေတင်းမာမှု လျော့ကျလာအောင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လို။

၃။ NLD ပါတီ အပါအဝင် မြန်မာ့နိုင်ငံရေးပါတီ မြောက်မြားစွာနှင့် နှစ်ရှည်လများ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့။ မြန်မာနိုင်ငံတွင် ပြောင်းလဲမှုများ မည်သို့ပင်ရှိစေကာမူ တရုတ်နိုင်ငံ၏ တရုတ်-မြန်မာ ဆက်ဆံရေး မြှင့်တင်ရန် သန္နိဋ္ဌာန်စိတ်ထား ယိမ်းယိုင်လိမ့်မည်မဟုတ်။

ဒုတိယတချက်ကအာဏာသိမ်းမှုကြောင့်ဖြစ်ခဲ့တဲ့နိုင်ငံရေးမတည်ငြိမ်မှုတွေဟာ တရုတ်အကျိုးစီးပွားကို ခြိမ်းခြောက်မှုတွေ ရှိလာတာကြောင့် ဖြစ်ပါတယ်။ စစ်အာဏာသိမ်းမှုနောက်ဆက်တွဲ ဆန့်ကျင်ဆန္ဒပြမှုတွေ၊ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးစီးဆင်းမှု ပုံမှန်မလည်ပတ်နိုင်တာတွေ၊ နိုင်ငံရေး တည်ငြိမ်မှုမရှိတာတွေက မြန်မာနိုင်ငံအပေါ်ထားတဲ့ တရုတ်ရဲ့မဟာဗျူဟာ စဉ်းစားချက်တွေကို စိန်ခေါ်နေပါတယ်။ တရုတ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တခုဖြစ်တဲ့ ယူနန်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးအပေါ်မှာ များစွာမှီတည်နေပါတယ်။ ရေနံပိုက်လိုင်းကတဆင့် ပို့နေတဲ့ ရေနံတွေဟာ ယူနန်ပြည်နယ် ကုန်ထုတ်လုပ်မှု အသားတင်တန်ဖိုးရဲ့ ရှစ်ရာခိုင်နှုန်းအထိရှိတယ်လို့ The Economist မဂ္ဂဇင်းက ဆိုပါတယ်။ ဒါဟာ ဘေဂျင်းရဲ့ မဟာဗျူဟာအတွက် အရေးကြီးရုံသာမက ယူနန်ပြည်နယ်ရဲ့ စီးပွားရေးအတွက်ပါ အရေးကြီးတယ်ဆိုတာ ပေါ်လွင်စေပါတယ်။ ဒါပေမဲ့ အာဏာသိမ်းပြီးနောက်စီမံကိန်းတွေရဲ့အချက်အချာနေရာတွေ၊နယ်စပ်ဒေသတွေအပါအဝင် နိုင်ငံအနှံ့မှာ တိုက်ပွဲတွေ ပြန်ဖြစ်လာတာတွေ၊ ပြီးတော့ မြန်မာပြည်သူတွေအကြား တရုတ်ဆန့်ကျင်ရေးစိတ်တွေ ပိုမိုမြင့်မားလာပြီး တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ဦးတည်တဲ့ တိုက်ခိုက်မှုတွေနဲ့ အဓိက အကျိုးစီးပွားဖြစ်တဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းတွေရဲ့ လုံခြုံရေးအထိ ကျယ်ကျယ်ပြန့်ပြန့် ခြိမ်းခြောက်ပြောဆိုလာတာတွေဟာ တရုတ်အတွက် စိုးရိမ်စရာတွေဖြစ်ပါတယ် (Wong, 2021)။ ဆန္ဒပြမှုတွေကြောင့် တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ငန်းအကောင်အထည်ဖော်မှု နှောင့်နှေးမှာ၊ တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ ရပ်ဝန်းလမ်းကြောင်း အစီအမံအောက်က စီမံကိန်းတွေ ပြန်လည်စတင်ဖို့ နှောင့်နှေးမှုရှိမှာကို တရုတ်အစိုးရ စိုးရိမ်နေပုံရတယ်လို့ Financial Times သတင်းစာက သုံးသပ်ပါတယ်။

တတိယတချက်ကတော့ လက်ရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုတွေဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ လုံခြုံရေးနဲ့ အခြားအကျိုးစီးပွားကို ကာကွယ်ပေးလိုတဲ့ (ကာကွယ်ပေးနိုင်တဲ့) အလားအလာနည်းတယ်လို့ တရုတ် မူဝါဒအသိုက်အဝန်းက ကောက်ချက်ဆွဲကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေမှာ အနောက်နိုင်ငံတွေက ကျောထောက်နောက်ခံပေးထားတယ်လို့ တရုတ်က လက်ခံယုံကြည်နေပါတယ်။ ဒ့ါအပြင် စစ်အာဏာရှင်အန်တုရေး လှုပ်ရှားမှုတွေဟာ တရုတ်ရဲ့ သြဇာအာဏာလွှမ်းမိုးမှုကိုဆန့်ကျင်တဲ့ ဟောင်ကောင်၊ ထိုင်ဝမ်တို့ပါဝင်တဲ့ Milk Tea Alliance နဲ့ ချိတ်ဆက်မှုရှိလာတာကို မနှစ်သက်ပါဘူး (Clapp & Tower, 2021)။ ဒါကြောင့် စစ်အာဏာရှင်ကိုအန်တုတဲ့ လှုပ်ရှားမှုတွေ အောင်မြင်ရင် မြန်မာနိုင်ငံမှာ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှု ပိုမိုအားကောင်းလာမှာ စိုးရိမ်နေပုံရပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ဟာ အင်အားမရှိဘူး၊ တောင့်တင်းမှုမရှိဘဲ တရားမဝင်တဲ့ အဖွဲ့အစည်းဖြစ်တယ်၊ နိုင်ငံတော် အကြည်ညိုပျက်မှုနဲ့လည်း ဝရမ်းထုတ်ခံထားရတယ် စသဖြင့် တရုတ်သုတေသီတွေက ရေးသားဖော်ပြနေပြီး၊ အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျုရဲ့ ဆောင်းပါးမှာ အဲဒီ ရေးသား

ချက်တွေကိုသုံးသပ်ခဲ့ပါတယ်။ ဟိုတစဒီတစ တိုင်းရင်းသားတပ်တွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေ ဦးဆောင်တဲ့အန်တုလှုပ်ရှားမှုတွေဟာ စစ်တပ်ရဲ့အာဏာချုပ်ကိုင်နိုင်မှုကို ခြိမ်းခြောက်နိုင်လောက်မယ့် အနေအထားမရှိဘူးလို့ တရုတ်ကယူဆထားတယ်ဆိုပြီး The Economist မဂ္ဂဇင်းဆောင်းပါးမှာလည်း ပြောထားပါတယ်။

နောက်ဆုံးတချက်ကတော့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်တဲ့ 'အာဏာလက်ဝယ်ရှိသူနဲ့ ဆက်ဆံရေးတည်ဆောက်ခြင်း' ဆိုတဲ့အချက်က စစ်ကောင်စီနဲ့ ဆက်ဆံရေးမှာ အခြေခံအုတ်မြစ်တခု ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် တရုတ်ဟာ စစ်ကောင်စီ ဝါဒဖြန့်သတင်းတွေမှာ ပြောနေသလို စစ်တပ်က ပြည်ထောင်စုမပြိုကွဲရေးကို တစိုက်မတ်မတ် ဆောင်ရွက်လာတဲ့အဖွဲ့ဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးကို ပြန်လည်ထိန်းချုပ်နိုင်မယ်လို့ တရုတ်က ထင်မြင်ပုံရတယ်ဆိုပြီး သုံးသပ်ကြပါတယ် (The Economist, 2021)။ ဒါ့အပြင် ဘောဂျင်းအနေနဲ့ မြန်မာနိုင်ငံဟာ နောက်ထပ် ကြာရှည်မယ့် စစ်အာဏာရှင်စနစ်ကို ထပ်မံရောက်ရှိသွားပြီလို့ အကဲဖြတ်ထားကြောင်း အမေရိကန်အခြေစိုက် Stimson Center တရုတ်-မြန်မာ ဆက်ဆံရေးကျွမ်းကျင်ပညာရှင် ယွန်ဆန်းကလည်း ပြောခဲ့ပါတယ်။ စစ်တပ်ရဲ့အာဏာသိမ်းမှု အောင်မြင်မယ်လို့ တရုတ်က ယူဆထားပုံပါပဲ (Financial Times, 2021)။ စစ်ကောင်စီကလည်း တရုတ်ရဲ့အားပေးထောက်ခံမှုကို တုံ့ပြန်တဲ့အနေနဲ့ စီးပွားရေးအရ လိုက်လျောမှုပြုတာတွေ၊ တရုတ်ရဲ့အကျိုးစီးပွားကို ကာကွယ်ပေးဖို့ ကတိပေးတာတွေ ပြုလုပ်လာခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီး လေးလအတွင်းမှာပဲ တရုတ်က အဆိုပြုထားတဲ့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂,၅၀၀ တန်ဖိုးရှိတဲ့ သဘာဝဓာတ်ငွေ့ လျှပ်စစ်စီမံကိန်းကို အတည်ပြုပေးခဲ့ပြီး၊ အခြားစီမံကိန်းတွေဖြစ်တဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန် စီမံကိန်းတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ ပြောခဲ့ပါတယ်(Clapp & Tower, 2021)။

ဒါပေမဲ့ တရုတ်အနေနဲ့ စစ်ကောင်စီကို အားပေးထောက်ခံခြင်းအားဖြင့် သူ့အကျိုးစီးပွားတွေကို ကာကွယ်နိုင်မယ်လို့ ယူဆထားပြီး၊ ဒီလိုထောက်ခံခြင်းကပဲ သူ့

**INFOGUIDE**

## တရုတ်၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ (၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ မေအထိ)

### စုစုပေါင်းကုန်သွယ်မှုနှင့် တရုတ်၏ကုန်သွယ်မှု နှိုင်းယှဉ်ချက်




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီတွင် စုစုပေါင်းကုန်သွယ်မှု ကျဆင်းခဲ့သည့်နည်းတူ တရုတ်ကုန်သွယ်မှုလည်း ကျဆင်းသွားသည်။ သို့သော် မတ်နှင့် မေတွင် စုစုပေါင်းကုန်သွယ်မှု ပြန်တက်ခဲ့ပြီး တရုတ်နှင့်ကုန်သွယ်မှုလည်း ပြန်တက်လာခဲ့သည်။

### တရုတ်၏ ရင်းနှီးမြှုပ်နှံမှု




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုအသစ် ထပ်တိုးခဲ့ခြင်းမရှိဘဲ မတ်တွင် အမေရိကန်ဒေါ်လာ ၂၇ သန်းအထိ ပြန်တက်ခဲ့သည်။ သို့သော် ဧပြီနောက်ပိုင်းတွင် ပြန်လည်ကျဆင်းသွားသည်။

### ခွင့်ပြုခဲ့သော တရုတ်ရင်းနှီးမြှုပ်နှံမှု အရေအတွက်




အာဏာသိမ်းပြီးနောက်တွင် စစ်ကောင်စီ၏ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတွင် ပါဝင်သော စီမံကိန်းနှစ်ခုကို အတည်ပြုခဲ့သည်။ အဆိုပါစီမံကိန်းနှစ်ခုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ တန်ကြေးရှိသော မီးလင်းချိုင် စွမ်းအင်စီမံကိန်းနှင့် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်းတန် ကန်ပိုက်တီ နယ်စပ်စီးပွားရေးဇုန် စီမံကိန်းတို့ဖြစ်ပါသည်။ ဗြိတိန်ဗာဂျင်ကျွန်းစုတွင် မှတ်ပုံတင်ထားသော တရုတ်ကုမ္ပဏီများက မီးလင်းချိုင် စွမ်းအင်စီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

INFOGUIDE

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အာဆီယံအထူးကိုယ်စားလှယ် ဒါတိုအီရီဝမ်ယူဆော့ဖ်အား ၂၀၂၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင်ပြောခဲ့သည့် အကြံပြုချက်လေးချက်

၁ မြန်မာနိုင်ငံရှိ အင်အားစုအားလုံးနှင့် ကျိုးကြောင်းဆီလျော်စွာ လက်တွေ့ကျကျ ထိတွေ့ဆက်ဆံ၍ တဖြည်းဖြည်းချင်း ယုံကြည်မှုတည်ဆောက်ရန်။

၂ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်မှုကို ဦးစားပေးအဖြစ် ကူညီ၍ ရောဂါကပ်ဘေး တိုက်ဖျက်မှုအကူအညီများ သေချာရရှိနိုင်ရေး၊ ထိရောက်စေရေး ဆောင်ရွက်ရန်။

၃ သည်းခံစိတ်ရှည်မှု၊ စိတ်ပိုင်းဖြတ်မှုထား၍ တွေ့ဆုံဆွေးနွေးမှုများမှတဆင့် ငြိမ်းချမ်းရေး မြှင့်တင်ဆောင်ရွက်ရေး လမ်းကြောင်းကို တစိုက်မတ်မတ် ကိုင်စွဲထားရန်။ နိုင်ငံတော်အာဏာကို ပြည်သူများထံ စနစ်တကျ ပြန်လည်အပ်နှင်း၍ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ပြန်လည်စတင်ရန်။ ဤသည်မှာ မြန်မာပြည်သူတို့၏ အကျိုးစီးပွား အတွက်မျှသာ မဟုတ်ဘဲ နိုင်ငံတကာမိသားစု၏ မျှော်လင့်ရည်မှန်းထားမှုများလည်း ပြည့်မီစေရန်။

၄ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပြင်ပအင်အားစုများ၏ ဝင်ရောက်စွက်ဖက်နေမှုများကို သတိကြီးကြီးထား စောင့်ကြည့်၍ ဆန့်ကျင်သွားရန်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ရွေးချယ်မှုကို လေးစားရန်။



Photo : AFP

အကျိုးစီးပွားတွေကို ထိခိုက်စေဖို့ ဖြစ်လာမယ်ဆိုတဲ့ ပြောဆိုချက်တွေ ရှိသလို အကြံပြုချက်တချို့ ရေးသားခဲ့တာတွေလည်း ရှိပါတယ်။ အကြံပြုချက်တွေမှာ အဓိကအားဖြင့် -

(၁) ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့နဲ့ အာဆီယံ သဘောတူညီချက် ငါးရပ်ကို အလျင်အမြန် အကောင်အထည်ဖော်ရေးအတွက် တရုတ်အနေနဲ့ စစ်ကောင်စီကို ဖိအားပေးဖို့၊ တရုတ်နိုင်ငံပိုင်လုပ်ငန်းတွေ ဘဏ်တွေအနေနဲ့ စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်မှုအသစ်တွေ မလုပ်ဖို့၊

(၂) သက်ဆိုင်ရာအဖွဲ့တွေအကြား ကြားဝင်ညှိနှိုင်းပေးဖို့၊

(၃) ကုလသမဂ္ဂနဲ့ အာဆီယံအပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊

(၄) မြန်မာနိုင်ငံမှာ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေရေးနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်ရေး တွန်းအားပေးဖို့ လိုအပ်တယ်လို့ အဓိကအားဖြင့် အကြံပြုထားပါတယ်။

## ဆန်းစစ်သုံးသပ်ခြင်း

အခု ရည်ညွှန်းထားတဲ့ ဆောင်းပါးတွေဟာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးအကျပ်အတည်းအပေါ် တရုတ်ရဲ့ရှုမြင်ပုံ၊ ရပ်တည်ချက်တွေနဲ့ တုံ့ပြန်မှုတွေကို ယေဘုယျအားဖြင့် နားလည်စေနိုင်ပါတယ်။ ဒါပေမဲ့ သုံးသပ်ချက်အများစုဟာ တရုတ်-မြန်မာဆက်ဆံရေးရဲ့ အပေါ်ယံအလွှာက မြင်သာတဲ့ တစိတ်တပိုင်းကိုသာ ထင်ဟပ်ပါတယ်။ တရုတ်-မြန်မာဆက်ဆံရေးဟာ အလွန်တရာရှုပ်ထွေးပြီး မြန်မာ့အရေးနဲ့ပတ်သက်လို့လည်း တရုတ်ရဲ့ စဉ်းစားချက်တွေဟာ ပြက်ပြက်ထင်ထင်လည်း မရှိ၊ တသမတ်တည်းသဘောမဆောင်တာတွေလည်း အများအပြားရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပေါ်ထားတဲ့ တရုတ်ရဲ့မူဝါဒတွေကို နားလည်ရာမှာ အရေးကြီးပေမဲ့ ဆောင်းပါးတွေမှာ ထည့်သွင်းစဉ်းစားဖို့ကျန်ခဲ့တဲ့ အချက်သုံးချက်ကို ဖြည့်စွက်ဆွေးနွေးချင်ပါတယ်။

ပထမဆုံးအနေနဲ့ ဆောင်းပါးရှင်တွေအားလုံးဟာ တရုတ်ရဲ့တုံ့ပြန်မှုလို့ စဉ်းစားတဲ့အခါမှာ တရုတ်ကို တစုတစည်းတည်း တသွေးတသံတမိန့်ရှိတဲ့၊ အကျိုးစီးပွားစဉ်းစားချက် တခုတည်းရှိနေတဲ့နိုင်ငံအဖြစ် အခြေခံထား စဉ်းစားကြတာ တွေ့ရပါတယ်။ တကယ်တော့ တရုတ်-မြန်မာဆက်ဆံရေးမှာ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပါတီ၊ ဝန်ကြီးဌာနတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ စသဖြင့် ပလေယာတွေများစွာ ပါဝင်ပတ်သက်နေပါတယ်။ တရုတ်နိုင်ငံဟာ တပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံ၊ ဗဟိုချုပ်ကိုင်မှုအားကောင်းသော နိုင်ငံရေးစနစ်ရှိတဲ့ နိုင်ငံမျိုးဖြစ်ပေမဲ့ မူဝါဒယန္တရားမှာပါတဲ့ (သို့မဟုတ်) မူဝါဒယန္တရားမှာ လွှမ်းမိုးသက်ရောက်မှုရှိနိုင်တဲ့ အစုအဖွဲ့အသီးသီးဟာ အမြဲတမ်း အသွေးအမွေးတူ၊ အမြင်တူနေတာတော့ မဟုတ်ပါဘူး။ ဒီ့အပြင် နိုင်ငံအစိုးရယန္တရားရဲ့အပြင်မှာ ရှိနေတဲ့ ပုဂ္ဂလိကအင်အားစုတွေကလည်း တရုတ်ရဲ့ မြန်မာ့မူဝါဒအပေါ် ပုံစံအမျိုးမျိုးနဲ့ သက်ရောက်လွှမ်းမိုးမှုများစွာ ရှိနေပါသေးတယ် (Steinberg & Fan, 2012)။ ဥပမာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တရုတ်ကွန်မြူနစ်ပါတီနဲ့ ယူနန်ပြည်နယ်အစိုးရတို့အကြားမှာ မတူညီတဲ့စုဖွဲ့မှု သဘောတရားအရ မတူညီတဲ့ ဦးစားပေးစဉ်းစားချက်တွေနဲ့ လုပ်ပိုင်ခွင့် အကန့်အသတ်တွေ ရှိနေပါတယ်။ ဒါကြောင့် မြန်မာ့အရေး တုံ့ပြန်ရာမှာ တစုံလုံးစဉ်းစားချက်အရ များစွာမကွာခြားရင်တောင် နည်းနာပိုင်းဆိုင်ရာ စဉ်းစားချက်တွေ၊ လတ်တလော အကျိုးစီးပွားစဉ်းစားချက်တွေကြောင့် တုံ့ပြန်မှုကွာခြားတာတွေ ရှိနိုင်ပါတယ်။

နောက်တချက်ကတော့ တရုတ်အကျိုးစီးပွားဆိုတဲ့ စဉ်းစားချက်အပေါ်မှာ နားလည်မှုနဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှု ဖြစ်ပါတယ်။ တရုတ်နိုင်ငံက သူ့အကျိုးစီးပွားတွေကို ဖော်ဆောင်ဖို့ စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်လိုက်ပြီဆိုတဲ့ သုံးသပ်ချက်တွေက တရုတ်ရဲ့ မတူညီတဲ့ အကျိုးစီးပွားစဉ်းစားချက်တွေ၊ ဦးစားပေးမှု ကွာခြားချက်တွေကို လျစ်လျူရှုရာရောက်ပါတယ်။ တကယ်တော့ ပလေယာတွေများသလို အကျိုးစီးပွား စဉ်းစားချက်တွေလည်း အများကြီးရှိပါတယ်။

INFOGUIDE

## ကိုဗစ်ကပ်ဘေးတိုက်ဖျက်ရေးအတွက် တရုတ်၏အကူအညီပေးမှု (၂၀၂၁ ခုနှစ် မေ ၂ မှ စက်တင်ဘာ ၃ အထိ)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း စက်တင်ဘာ ၃ ရက်အထိ မြန်မာနိုင်ငံအတွက် ကိုဗစ်ကာကွယ်ဆေး စုစုပေါင်း ၈ ဒသမ ၆ သန်းကို တရုတ်က ထောက်ပံ့ပေးခဲ့သည်။ ၎င်းတို့အနက် ၄ ဒသမ ၇ သန်းမှာ ဝယ်ယူခဲ့ခြင်းဖြစ်ကာ မြန်မာစစ်တပ်အတွက် ကာကွယ်ဆေးအလုံးရေ ၆၀၀,၀၀၀ ကိုလည်း တရုတ်ကပေးခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။

တရုတ်အရေးလေ့လာတဲ့ သုတေသီတွေကတော့ ယေဘုယျအားဖြင့် တရုတ်နိုင်ငံခြားရေးမူဝါဒ စဉ်းစားချက်အတွက် အကျိုးစီးပွားနယ်ပယ်ငါးခု ခွဲခြားပါတယ်။ ဒါတွေက -

(၁) အဓိက အကျိုးစီးပွားတွေဖြစ်တဲ့ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ တရုတ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး၊

(၂) အာရှပစိဖိတ်ဒေသမှာ တရုတ်နိုင်ငံရဲ့ဩဇာကို ချဲ့ထွင်ပြီး ခေါင်းဆောင်မှု မြှင့်တင်နိုင်ရေး၊

(၃) တရုတ်နိုင်ငံရဲ့စီးပွားရေးအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရေး၊

(၄) နိုင်ငံတကာမျက်နှာစာမှာ တရုတ်နိုင်ငံရဲ့ပုံရိပ်နဲ့ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေး၊

(၅) တရုတ်နိုင်ငံရဲ့ သံတမန်ရေးရာ အာဘော်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး စတာတွေဖြစ်ပါတယ်။

အလားတူ မြန်မာနိုင်ငံနဲ့ပတ်သက်ရင်လည်း အကျိုးစီးပွားစဉ်းစားချက်တွေ များစွာရှိပါတယ်။ ဥပမာ- နယ်စပ်တည်ငြိမ်ရေး၊ မြန်မာနိုင်ငံအရေးတွေမှာ နိုင်ငံတကာ စွက်ဖက်ပါဝင်မှု လျှော့ချရေး၊ မဟာဗျူဟာစီမံချက်တွေ အကောင်အထည်ဖော်ရေး စသဖြင့် ဖြစ်ပါတယ်။

ဒါပေမဲ့ ဒါတွေက တခုနဲ့တခု အမြဲတမ်း လိုက်လျောညီထွေရှိနေတာ မဟုတ်ပါဘူး။ အခြေအနေနဲ့ အချိန်အခါအရ ရံဖန်ရံခါမှာ ဦးစားပေးမှုတွေအလိုက် အကျိုးစီးပွားတခုကို မြှင့်တင်ဖို့အတွက် အခြားတခုကို အတိုင်းအတာတခုအထိ လျှော့ပေါ့စဉ်းစားတာတွေလည်း ရှိပါတယ် (Hirono, 2018)။ ဥပမာ- အခုအခြေအနေမှာ တည်ငြိမ်ရေးနဲ့ စီးပွားရေး အကျိုးစီးပွားတွေကိုထိန်းဖို့ ကိုယ့်ရဲ့ပုံရိပ်ကို ဘယ်လောက်အထိ အထိခိုက်ခံနိုင်မလဲ။ မဟာဗျူဟာအကျိုးစီးပွားတွေ အကောင်အထည်ဖော်ဖို့ နယ်စပ်တည်ငြိမ်ရေးကို ဘယ်လောက် အလျှော့အတင်းလုပ်မလဲ စသဖြင့် ရွေးချယ်မှုတွေ ရှိနေတာကို သတိချပ်စဉ်းစားမယ်ဆိုရင် တရုတ်နိုင်ငံရဲ့ မူဝါဒအပေါ် သက်ရောက်လွှမ်းမိုးနိုင်ဖို့ ကြိုးစားရာမှာအထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။

နောက်ဆုံးတချက်က တရုတ်နိုင်ငံဟာ စစ်ကောင်စီကို နိုင်ငံတကာ အရေးယူမှုတွေကနေ ကာကွယ်ပေးတာ၊ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နေတာ ရှိပေမယ့် ဒါက အပေးအယူအလျှော့အတင်းမရှိ အမြဲတမ်း အားပေးထောက်ခံမယ်ဆိုတဲ့ သဘော မသက်ရောက်ပါဘူး။ နီးသောသမိုင်းကို ပြန်ကြည့်ရင်ပဲ ၁၉၈၈ ခုနှစ်အာဏာသိမ်းမှုနောက်ပိုင်း ကုလသမဂ္ဂစင်မြင့်မှာ ပြစ်တင်ဝေဖန် ပြောဆိုခံရတာတွေ၊ နိုင်ငံတကာဖိအားတွေကနေ သက်သာရာရအောင် မြန်မာစစ်တပ်ကို တရုတ်က ကာကွယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ တဖက်မှာလည်း နိုင်ငံတကာအခြေအနေနဲ့ ပြည်တွင်းအကျိုးစီးပွား စဉ်းစားချက်တွေပေါ်မူတည်ပြီး စစ်အာဏာရှင်တွေ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ သိသိသာသာ ဖိအားပေးခဲ့တာတွေ၊ နိုင်ငံတကာ အသိုက်

အဝန်းနဲ့ တစုံတရာ ပူးပေါင်းဆောင်ရွက်စေဖို့ တွန်းအားပေးခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် နောက်ပိုင်းမှာဆိုရင် စစ်အစိုးရဟာ မြန်မာနိုင်ငံအတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် မဆောင်ရွက်နိုင်ခဲ့ဘူး၊ အဲဒီ အကျိုးဆက်ကတဆင့်ဖြစ်လာတဲ့ လူထုအုံကြွမှုတွေ၊ မတည်မငြိမ်မှုတွေကြောင့် တရုတ်ရဲ့ မဟာဗျူဟာကျ အကျိုးစီးပွားတွေကို ထိခိုက်လာမယ်လို့ တရုတ်အစိုးရအရာရှိတွေကယူဆခဲ့ပါတယ်။ အဲဒီအချက်က စစ်အစိုးရနဲ့ အမေရိကန်နိုင်ငံအကြားမှာ ဆက်ဆံရေးကောင်းလာစေဖို့၊တိုင်းရင်းသားလက်နက်ကိုင်တွေ၊အတိုက်အခံခေါင်းဆောင်နဲ့ပါ ဆက်ဆံရေးကောင်းလာဖို့ ညှိနှိုင်းတဲ့နေရာမှာ တရုတ်ကို ပါဝင်လာစေတဲ့အကြောင်းရင်းတရပ် ဖြစ်ခဲ့ပါတယ်။ စစ်အစိုးရကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးညှိနှိုင်းဖို့ တိုက်တွန်းခဲ့သလို ၂၀၀၇ ခုနှစ် ဇူလိုင်မှာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျွန်အဲရစ်နဲ့ မြန်မာဘက်က အရာရှိသုံးဦး တွေ့ဆုံဆွေးနွေးပွဲအတွက် တရုတ်က ဦးဆောင်စီစဉ်ပေးခဲ့ပါတယ် (International Crisis Group, 2009)။ ဒါကြောင့် တရုတ်ရဲ့နိုင်ငံခြားရေးမူဝါဒဟာ တသမတ်တည်း မူဝါဒတခုတည်းကို ကိုင်စွဲထားခြင်းမျိုးမဟုတ်ဘဲ ကိစ္စရပ်များကို ရပ်တည်တုံ့ပြန်ရာမှာ နိုင်ငံတကာရဲ့ တုံ့ပြန်မှုအခြေအနေ၊ နိုင်ငံခြားရေးမူဝါဒ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အရေးပါတဲ့ ပလေယာများ အဆင့်အလိုက်ကွဲပြားမှု၊ တုံ့ပြန်မှု သက်ရောက်မယ့်နိုင်ငံနဲ့ ဆက်ဆံရေး အခြေအနေ အကျိုးစီးပွားတွေအပေါ်မှာ မူတည်ပြီး ပြောင်းလဲနိုင်ပါတယ်။

ပြန်ချုပ်ရင် တရုတ်-မြန်မာဆက်ဆံရေးမှာ ပလေယာတွေများစွာ ပါဝင်နေပါတယ်။ ဒီပလေယာတွေမှာလည်း အကျိုးစီးပွားစဉ်းစားချက်တွေနဲ့ လုပ်ဟန်တွေ မတူကြပါဘူး။ ဒါကြောင့် တရုတ်ရဲ့မြန်မာမှာရှိနေတဲ့ အကျိုးစီးပွား စဉ်းစားချက်တွေ များစွာရှိနေပြီး ဝိရောဓိဖြစ်နိုင်တာတွေလည်း ရှိပါတယ်။ အခြေအနေနဲ့ အချိန်အခါကို မူတည်ပြီး အကျိုးစီးပွားဦးစားပေးမယ့် အပြောင်းအလဲတွေနဲ့ ရှေ့နောက် တွဲချိတ်စဉ်းစားတာတွေကလည်း တရုတ်ရဲ့မူဝါဒကို လှမ်းမိုးပုံဖော်မှာပဲ ဖြစ်ပါတယ်။ ဒီစဉ်းစားချက်တွေဟာ အလုံပိတ်ထားတဲ့ တရုတ်ရဲ့ မူဝါဒချမှတ်မှုယန္တရားရဲ့အထဲမှာ ရှိနေတာကြောင့် ဘယ်အချိန် ဘယ်အခြေအနေမှာ ဘယ်လိုဖြစ်တယ်ဆိုတာကို တိတိပပနားလည်ဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ ဒီအချက်တွေက တရုတ်အရေးမူဝါဒကို နားလည်ရာမှာ ထည့်သွင်းစဉ်းစားဖို့ အရေးကြီးတဲ့ကိစ္စရပ်ပဲ ဖြစ်ပါတယ်။

## ဂယက်ရိုက်နိုင်တဲ့ နောက်ဆက်တွဲများ

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းအပေါ် တရုတ်ရဲ့တုံ့ပြန်မှုကို လေ့လာသုံးသပ်ခဲ့ကြတဲ့ အထက်ဖော်ပြပါဆောင်းပါးတွေမှာ နောက်ဆက်တွဲ အကျိုးဆက် နှစ်ခု ရှိနိုင်ပါတယ်။ ဒီဆောင်းပါးတွေမှာ တရုတ်အနေနဲ့ သူ့ရဲ့အကျိုးစီးပွားတွေကို ကာကွယ်ဖို့အတွက် စစ်အာဏာရှင်စနစ်ကို ထောက်ခံဖို့ ရွေးချယ်ခဲ့ပေမဲ့ ရေရှည်မှာ အနုတ်လက္ခဏာဆောင်တဲ့ အကျိုးဆက် ဖြစ်လာနိုင်တယ်ဆိုတာကို စာရေးသူတွေက ထောက်ပြပြီး တရုတ်ရဲ့မူဝါဒကို လှမ်းမိုးလိုတဲ့စိတ်ကို တွေ့ရပါတယ်။ ဒီနေရာမှာ

စစ်အာဏာရှင်ကို အထောက်အပံ့ပေးတဲ့ တရုတ်ရဲ့လုပ်ရပ်တွေကို ပြည်သူလူထု အနေနဲ့ မလိုလားကြောင်း ထုတ်ဖော်ပြောဆိုတာအပြင် တရုတ်နဲ့ပတ်သက်ပြီး သပိတ်မှောက်တာတွေဟာ ဖြစ်သင့်ဖြစ်ထိုက်ပေမဲ့ စိတ်ခံစားမှုထက် နိုင်ငံရေး အပေးအယူအလျှော့အတင်းအဖြစ် စနစ်တကျဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ အဲဒီလိုမဆောင်ရွက်နိုင်ရင် ဆန့်ကျင်ဘက်ရလဒ်တွေ ပြန်ရလာနိုင်တာက သတိချပ် စရာ ဖြစ်ပါတယ်။ ဆောင်းပါးတွေရဲ့ အဓိကအာဘော်အဖြစ် 'တရုတ်နိုင်ငံဟာ သူ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့အတွက် စစ်အာဏာရှင်ကိုသာ ထောက်ခံဖို့ ရွေးချယ်လိုက်ပြီ'ဆိုတဲ့ ကောက်ချက်ဟာ မြန်မာပြည်သူတွေအကြား တရုတ် ဆန့် ကျင်ရေးစိတ်ဓာတ်တွေ ပိုမို များလာစေနိုင်ပါတယ်။ အကျိုးဆက်အနေနဲ့ လူထု လှုပ်ရှားမှုတွေဟာ အာဏာရှင်နဲ့အတူ တရုတ်ကိုပါ ပူးတွဲဆန့်ကျင်မှုတွေ ပိုများလာ မယ်၊ တရုတ်ရဲ့အကျိုးစီးပွားကို ခြိမ်းခြောက်တဲ့ လှုပ်ရှားမှုတွေကို ဖော်ဆောင်ရာမှာ မဟာဗျူဟာမြောက်မဟုတ်ဘဲ စိတ်ခံစားမှုအရ ဆောင်ရွက်မှုတွေ ပိုများလာမယ် ဆိုရင် အဲဒီနောက်ကွယ်မှာ နိုင်ငံရေးအရ၊ မဟာဗျူဟာအရ ပြိုင်ဘက်အုပ်စု ရှိနေ တယ်ဆိုတဲ့ တရုတ်ရဲ့စိုးရိမ်မှုတွေ ခိုင်မာလာပြီး စစ်အာဏာရှင်ကို ပိုမိုထောက်ခံဖို့ တွန်းပို့သလို ဖြစ်စေနိုင်ပါတယ် (McKoy, M. K., & Miller, M. K., 2012)။ ဒုတိယ တချက်ကတော့ တရုတ်အနေနဲ့ သူ့ရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ စစ်ကောင်စီကို ထောက်ခံလိုက်ပြီဆိုတဲ့ ကောက်ချက်ကို အဆုံးသတ်အဖြေအဖြစ် အခြေခံ စဉ်းစား မယ်ဆိုရင် အပိတ်သဘောဖြစ်သွားပြီး မြန်မာ့အရေးမှာ တရုတ်ကို အပြုသဘော ဆောင်ပြီး ပါဝင်လာအောင် ဘယ်လို ဆောင်ရွက်ကြမလဲဆိုတဲ့ မူဝါဒအဖြေရှာဖို့ ပိုပြီး အလှမ်းဝေးစေပါမယ်။

## နိဂုံးနဲ့ ဆက်လေ့လာစရာ ရှိမရှိ

အထက်မှာ ဆွေးနွေးခဲ့တဲ့ ဆောင်းပါးအားလုံးနီးပါးမှာ 'တရုတ်နိုင်ငံအနေနဲ့ ဒီမို ကရေစီရေးကို မလိုလားတာကြောင့် စစ်အာဏာရှင်ကိုထောက်ခံတာ မဟုတ်ဘူး' ဆိုပြီး ကနဦး ကောက်ချက်ချခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီကောက်ချက်က မြန်မာပြည်သူ တွေရဲ့ တရုတ်အပေါ်ရှုမြင်မှုကို လွှမ်းမိုးနိုင်မှာ မဟုတ်ပါဘူး။ ၂၀၂၀ ပြည့်နှစ် ရွေး ကောက်ပွဲကာလမှာလည်း 'မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားမှာကို တရုတ်က မလိုလားတာကြောင့် ရွေးကောက်ခံအစိုးရကို အားနည်းချည့်နဲ့ အကျပ်ရိုက်စေဖို့ စစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်နေတယ်'ဆိုတဲ့ ပြောဆိုချက်တွေက မြန်မာပြည်သူ တွေအကြား ပျံ့နှံ့စိမ့်ဝင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာ သိမ်းချိန်မှာလည်း 'အာဏာသိမ်းမှုဖြစ်စေဖို့ တရုတ်က မီးစိမ်းပြခဲ့ပြီး အာဏာရှင် စနစ်တည်မြဲစေဖို့ အထောက်အပံ့ပေးနေတယ်'ဆိုတဲ့ အမြင်တွေ မြန်မာပြည်သူ တွေအကြား ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးချိန်ကစလို့ ပြည်သူလူထုအကြား တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုတွေ၊ တုံ့ပြန် ဆောင်ရွက်မှုတွေဟာ သုတေသနကိုအခြေခံတဲ့ အကဲဖြတ်မှုတွေထက် ဆိုရှယ်မီဒီ

ယာနဲ့ သတင်းစာခေါင်းစီးတွေ၊ စိတ်ခံစားမှုကို အလွန်အမင်းစေ့ဆော်တဲ့ အာဘော်တွေကပဲ များစွာ လွှမ်းမိုးခဲ့ပါတယ်။ ဒါကလည်း တရုတ်အရေး နားလည်ရာမှာ အထောက်အပံ့ဖြစ်စေမယ့် သတင်းအချက်အလက် ဂေဟစနစ် မရှိတာကို ပေါ်လွင်စေပါတယ်။ ဘယ်ကိစ္စရပ်မှာမဆို ဖြစ်ရပ်တခုချင်းစီကို အခြေခံတဲ့ သုံးသပ်ချက်တွေသာမက တစုံလုံးလွှမ်းခြုံမြင်ဖို့ အထောက်အကူပြုပြီး အချက်အလက် ကိန်းဂဏန်းတွေကို အခြေခံတဲ့ သုတေသနတွေလည်း များစွာလိုအပ်ပါတယ်။ ဥပမာ- တရုတ်-မြန်မာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုအတက်အကျ စတဲ့ အချက်အလက်တွေကို နိုင်ငံရေး လေ့လာသုံးသပ်သူတွေရဲ့ ကောက်ချက်တွေနဲ့ ပေါင်းစပ်နှိုင်းယှဉ်ချိန်ထိုး လေ့လာနိုင်ပြီး မတူညီတဲ့ရှုထောင့်တွေကနေ တရုတ်နိုင်ငံရဲ့မူဝါဒကို ပိုပြီး နားလည်နိုင်အောင် အားထုတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို အဖြေရှာရာမှာရော၊ နောက်ပြီး အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ရေရှည်ဆက်ဆံရာမှာပါ တရုတ်နိုင်ငံကို ပိုမိုနားလည်စေဖို့၊ လေ့လာမှုတွေ၊ အားထုတ်မှုတွေ များစွာပြုလုပ်နိုင်ဖို့နဲ့၊ ဩဇာရှိတဲ့ နိုင်ငံတကာ လေ့လာသုံးသပ်ချက်အမြင်တွေကို ပြည်သူတွေ ပိုမိုလက်လှမ်းမှီလာစေဖို့ ကြိုးပမ်းဆောင်ရွက်မှု များစွာ လိုအပ်နေပါသေးတယ်။ ■

**■ ရည်ညွှန်းကိုးကား**


Chenyang, L. (2021, June 14). World Affairs: Why the International Community's Attempts to Mediate Myanmar's Political Crisis won't Work. https://mp.weixin.qq.com/s/kkrCO-IlV2aLBdBywu5ldQ

Hirono, M. (2018, January). *Exploring the links between Chinese foreign policy and humanitarian action: multiple interests, processes and actors. Humanitarian Policy Group.* https://cdn.odi.org/media/documents/12015.pdf

International Crisis Group. (2009, September). *China's Myanmar Dilemma* (Asia Report N°177). https://www.crisisgroup.org/asia/north-east-asia/china/china-s-myanmar-dilemma

Jakobson, L., & Knox, D. E. A. N. (2010, September). *New Foreign Policy Actors in China.* Stockholm International Peace Research Institute. https://www.files.ethz.ch/isn/120962/SIPRIPP26.pdf

McKoy, M. K., & Miller, M. K. (2012). The Patron's Dilemma. *Journal of Conflict Resolution, 56*(5), 904–932. https://doi.org/10.1177/0022002711431795

PRIO. (2021, June). *China in Myanmar: Complex Engagements, Complicated Relations* (ISBN: 978-82-343-0211-4). https://www.prio.org/Publications/Publication/?x=12766

Steinberg, D., I., & Fan, H. (2012). *Modern China-Myanmar Relations: Dilemmas of Mutual Dependence (Nias - Nordic Institute of Asian Studies Monograph).* NIAS Press.